သတင်း ထုတ်ပြန်ချက်

ဈေးကွက်အတွက် အရေးပါသည့် အချက်အလက်များ
၂၀၂၄ ခုနှစ် မေ ၁ ရက် မြန်မာစံတော်ချိန် ၀၇၃၀ (UTC ၀၀၃၀) နာရီအထိ တားမြစ်ထားသည်

# S&P Global အာဆီယံ ထုတ်လုပ်မှု PMI®

## အာဆီယံ ထုတ်လုပ်မှု အခြေအနေများ သုံးလမြောက် ဆက်တိုက် တိုးတက်လာခြင်း

### အဓိကတွေ့ရှိချက်များ

အာဆီယံ ထုတ်လုပ်မှု PMI သည် ၁၁-လ အမြင့်ဆုံး ၅၁.၅ သို့ မြင့်တက်သွားခြင်း

အော်ဒါအသစ်များသည် အတိုးဘက်သို့ ပြန်ဦးမော့လာခြင်း

ထုတ်လုပ်မှုတွင် ခိုင်မာပြီး ပိုမိုမြန်ဆန်သော တိုးတက်မှု ရှိလာခြင်း

ဒေတာကို မတ် ၁၂-၂၂ ရက်နေ့များတွင် စုစည်းခဲ့သည်။

S&P Global ထံမှ PMI နောက်ဆုံး ဒေတာအရ အာဆီယံ ထုတ်လုပ်ရေး ကဏ္ဍတစ်ဝန်းက တိုးထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ် ပထမသုံးလပတ် အဆုံးပိုင်းတွင် အရှိန်ရလာသည်။ အော်ဒါအသစ်များ အသစ်တဖန် ပြန်မြင့်တက်လာမှုက ထုတ်လုပ်မှု အားကောင်းစွာ တိုးချဲ့ရေးအတွက် မောင်းနှင်အား ဖြစ်လာသည်။ အကျိုးဆက်အဖြစ် ကုမ္ပဏီများသည် အလုပ်နေရာများနှင့် ဝယ်လိုအားကို တိုးချဲ့ခဲ့ကြရာ ဝယ်လိုအားသည် နောက်ဆုံး ငါးလအတွင်းမှာ အကောင်းဆုံး နှုန်းဖြင့် မြင့်လာခဲ့သည်။

ဈေးနှုန်းများ၏ ဖိအားပေးမှုများမှာ ဖေဖော်ဝါရီလမှစပြီး အသင့်အတင့် ဖြစ်လာသည်။ ကုန်ကျစရိတ် ဝန်ထုပ်ဝန်ပိုးများနှင့် ရောင်းဈေးများ အသီးသီးသည် သုံးလနှင့် ရှစ်လအတွင်းမှာ တိုးတက်မှုနှုန်း အားအပျော့ဆုံး ဖြစ်လာသည်။

အဓိကအကျဆုံး S&P Global ASEAN ထုတ်လုပ်မှု *ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း™ (PMI®)* သည် ဖေဖော်ဝါရီလ၏ ၅၀.၄ မှနေပြီး မတ်လတွင် ၅၁.၅ သို့ တက်လှမ်းလိုက်ပြီး လုပ်ကိုင်မှု အခြေအနေများ အခိုင်အမာ တိုးတက်လာမှုကို အချက်ပြလိုက်ကာ တနှစ်နီးပါး အတွင်းမှာ အသိသာဆုံး ဖြစ်လာသည်။


မတ်လတွင် ခုနစ်လအတွင်းမှာ အော်ဒါအသစ် ရရှိမှုသည် ပထမအကြိမ် ပြန်တိုးလာခဲ့သောကြောင့် အာဆီယံမှ ထုတ်လုပ်သည့် ကုန်စည်များအတွက် ဝယ်လိုအားသည် ပြန်ဦးမော့လာခဲ့သည်။ တိုးတက်မှု နှုန်းမှာ ၂၀၂၃ ခုနှစ် အလယ်ပိုင်းမှစပြီး အမြန်ဆုံး ဖြစ်လာသည်။ သို့သော်၊ နောက်ဆုံး ဦးပြန်မော့မှုမှာ နိုင်ငံတကာ ဈေးကွက်ကြောင့် မဟုတ်ဘဲ အဓိကအားဖြင့် ပြည်တွင်း ဝယ်လိုအားကြောင့် ဖြစ်ခဲ့သည်။ အမှန်စင်စစ်တွင် ပြည်ပတင်ပို့ရေး အော်ဒါ အသစ်များထဲက ကျဆင်းမှုမှာ ပိုနက်ရှိုင်းလာခဲ့လျက် လက်ရှိ ကျဆင်းမှုအစဉ်ကို ၂၂ လသို့ ဆွဲဆန့်ပေးလိုက်သည်။

အော်ဒါအသစ်များ အသစ်တဖန် ပြန်တိုးရလာခြင်းက ထုတ်လုပ်မှု တိုးလာရေးကို အားဖြည့်ပေးစေခဲ့သည်။ ယင်းဦးမော့မှုမှာ ဆယ်လအတွင်း အားအကောင်းဆုံး ဖြစ်လာသည်။ လက်ကျန် အလုပ်များသည်ပါ မတ်လတွင် ပြီးခဲ့သည့် ဇွန်လမှစပြီး ပထမအကြိမ် တိုးလာခဲ့သော်လည်း ဒသမဂဏန်းမျှ ဖြစ်ခဲ့သည်။ ထုတ်လုပ်ရေး တောင်းဆိုချက်များ ကြီးထွားလာခြင်းက ကုမ္ပဏီများအား ၎င်းတို့၏ ဝန်ထမ်း အရေအတွက် တိုးချဲ့ရန် စေ့ဆော်ခဲ့သည်မှာ နှစ်လ ဆက်တိုက်ဖြစ်လာသော်လည်း၊ နှုန်းမှာ အားပျော့ခဲ့ပြီး အနည်းအကျဉ်း ဖြစ်ခဲ့သည်။ ဝယ်ယူရေး လုပ်ငန်းများသည်ပါ အရှိန်မြင့်လာခဲ့သည်။ နောက်ဆုံး ဦးမော့မှုမှာ ငါးလကြာ တိုးတက်မှုအစဉ်ထဲတွင် အားအကောင်းဆုံး မှတ်တမ်းတင်မှု ဖြစ်လာသည်။

ပစ္စည်းပေးသွင်းမှု ကြာမြင့်ချိန်များနှင့် ပတ်သက်ပြီး ထောက်ပြရလျှင် ဝယ်လိုအား အခြေအနေများ တိုးတက်လာနေသည့် တိုင်အောင် ပစ္စည်းပေးသွင်းသူတို့၏ စွမ်းဆောင်မှုမှာ အဓိကအားဖြင့် မပြောင်းမလဲ ရှိနေသည်။

**S&P Global အာဆီယံ ထုတ်လုပ်မှု PMI**

ညှိကိန်း >၅၀ = ယခင်လနောက်ပိုင်း တိုးတက်မှု




ရင်းမြစ်- S&P Global PMI.

နိုင်ငံအလိုက် ကြည့်လျှင် လုပ်ကိုင်မှု အခြေအနေများ တိုးတက်လာမှုမှာ စင်ကာပူနှင့် အင်ဒိုနီးရှား ထုတ်လုပ်ရေး ကဏ္ဍများ တဝိုက်ကို ဗဟိုပြုထားသည်။ ယင်းအတောအတွင်း ဖိလစ်ပိုင် နိုင်ငံသည် အတော်အသင့် တိုးတက်မှုကိုသာ မှတ်တမ်း တင်နိုင်ခဲ့သည်။ အခြားနိုင်ငံများအနက် ဗီယက်နမ်၏ ထုတ်လုပ်ရေး ကဏ္ဍသည် နေရာအများစုမှာ ထုတ်လုပ်မှု အခြေအနေများ အပြောင်းအလဲ မရှိကြောင်း မှတ်တမ်း တင်ခဲ့ချိန်မှာ ကျန် အာဆီယံ သုံးနိုင်ငံ (ထိုင်း၊ မလေးရှားနှင့် မြန်မာ) တို့က မတ်လတွင် ဆုတ်ယုတ်မှုများကို မှတ်တမ်း တင်ခဲ့ကြသည်။

အနာဂတ်ဆိုင်ရာ မျှော်မှန်းချက်မှာ ဒေသတစ်ဝန်းတွင် အဓိကအားဖြင့် အပြုသဘော ဆောင်နေသည်။ သို့သော်လည်း ယုံကြည်မှု အဆင့်မှာမူ အားပျော့နေလျက် ရှစ်လအတွင်း အနိမ့်ဆုံးသို့ လျှောဆင်းသွားသည်။

အာဆီယံ ကုန်ထုတ်လုပ်မှု PMI ဒေတာကို သုံးသပ်လျက် S&P Global Market Intelligence မှ စီးပွားရေးပါရဂူ Maryam Baluch ပြောကြားသွားသည်မှာ-

*"အာဆီယံ ထုတ်လုပ်ရေး ကဏ္ဍတစ်ဝန်းက ထုတ်လုပ်မှု ကြီးထွားလာမှုဟာ မတ်လတွင် ဆက်ခဲ့ပြီး ပိုအားကောင်းလာခဲ့တယ်။ လုပ်ကိုင်မှု အခြေအနေများ နောက်ဆုံး သုံးလအတွင်း ပိုကောင်းလာခဲ့ခြင်းနှင့်အတူ လွန်ခဲ့သည့် နှစ်ရဲ့ ဒုတိယ သုံးလပတ် နောက်ပိုင်းမှာ စွမ်းဆောင်မှု အမြင့်ဆုံး သုံးလပတ် ဖြစ်လာခဲ့ပါတယ်။ အော်ဒါအသစ်များ အသစ်တဖန် ပြန်ရလာခြင်းက ထုတ်လုပ်မှု မြန်ဆန်လာရေးကို အားပေးခဲ့တယ်။ ဒါပေမဲ့ လက်ရှိ ဝယ်လိုအား အခြေအနေများဟာ အဓိကအားဖြင့် ပြည်တွင်း ဖောက်သည်များကို ရင်းမြစ်ခံထားတာကို မီးမောင်း ထိုးပြနေပါတယ်။ ယင်းအတောအတွင်း နိုင်ငံခြားမှ ဝယ်လိုအားမှာ ဆက်တုံ့ဆိုင်းလာနေပါတယ်။ အဲဒါ့အပြင် အနာဂတ်အတွက် မျှော်မှန်းချက်ဟာ ကျယ်ပြန့်စွာ အပြုသဘောကို ဆောင်နေပေမဲ့ ရှစ်လအတွင်း အနိမ့်ဆုံးသို့ အားပျော့သွားခဲ့ပါတယ်။"*

PMI® by S&P Global

Copyright © 2024 S&P Global

